# သဘွတ်ကျေးရွာ

# မြိတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဘွတ်ကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

သဘွတ်ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊မတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **သဘွတ်ကျေးရွာသယံဇာတပြမြေပုံ၊ Seasonal Calendar၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၂ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၂ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၂ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၃ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၄ |

| | | |
|---|---|---|
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၄ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၅ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | **၁၆** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | **၁၇** |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၇၄ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | **၈၀** |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | **၈၂** |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | **၈၄** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာအကောင် အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သောကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**မတ်လ၊ ၂၀၂၅ခုနှစ်** **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သဘွတ်ကျေးရွာ**

**မြိတ်မြို့နယ်**

# သဘွတ်ကျေးရွာသယံဇာတပြမြေပုံ




## Seasonal Calendar



## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇၈ | ၁၄၉ | ၁၈၇ | ၆၂ |

## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

**သဘွတ်ကျေးရွာ**သည် သဘွတ်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး မြိတ်မြို့၏ အရှေ့ဘက် (၁၅)မိုင်အကွာတွင်တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ဝန်မယ်ကျေးရွာနှင့် အနောက်ဘက်တွင် ကဘင်းကျေးရွာ၊ တောင်ဘက်တွင် လယ်ကွင်းများနှင့် မြောက်ဘက် တောင်ကုန်းတောင်တန်းများရှိပါသည်။ သဘွတ်ကျေးရွာသည် မြောက်လတ္တီကျူ ၁၂ဒီဂရီ၅၂မိနစ်၁၅စက္ကန့်နှင့်၉၈ဒီဂရီ၇၄ မိနစ်၅၀စက္ကန့် အကြားတွင် တည်ရှိပါသည်။ သဘွတ်ကျေးရွာသည် ပထဝီဝင်အနေအထား အရ မြေပြန့်ဧရိယာပေါ်များပြီး၊ တောင်ကုန်း၊တောင်တန်းများလည်း ရှိသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

သဘွတ်ကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတု ကျရောက်သည့်ဒေသအတွင်းတည်ရှိပါသည်။ အမြင့်ဆုံးအပူချိန် (၄၃) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၁၇) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များမှာ ကညင်ပင်၊ ပိတောက်၊ သပြေပင်၊ သင်္ကန်းပင်၊ သစ်ယား၊ တကူစသည့်အခြားသစ်ပင်များစွာ ရှိပါသည်။ အခြားသောသတ္တု၊ ကျောက်မျက်၊ ခဲ စသည့်သယံဇာတတွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ သဘာဝအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

**သဘွတ်ကျေးရွာ**တွင်အိမ်ထောင်စု (၄၇၆) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၂၅၇၉) ဦး ရှိပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ကောင်းမွန် သည်ဟုဆိုနိုင်သော်လည်း ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အမျိုးသမီးအဖွဲ့ စသည်ဖြင့် အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက် ရှိပါသည်။ ယခုအခါ တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား

သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**သဘွတ်ကျေးရွာ**တွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ/ ကျေးရွာပြင်ပမှ လူမှုကူညီရေးအဖွဲ့များအနေဖြင့် ငွေကြေးကဏ္ဍအတွက် ဆောင်ရွက်ပေးနေသည့်အဖွဲ့အစ**ည်း**သာ ရှိပါသည်။ပြည်တွင်း/ ပြည်ပကူညီရေးအဖွဲ့များအားသက်ဆိုင်ရာကဏ္ဍအလိုက်ချိတ်ဆက်ရန်လိုအပ်နေပါသည်။

**၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

**သဘွတ်ကျေးရွာ**တွင် လယ်မြေ **(၁၀၄)**ကေ၊ ဥယျာဉ်ခြံမြေ **(၃၅၇)**ကေ၊ စုစုပေါင်း **(၄၆၁)**ကေရှိပါသည်။။ စိုက်ပျိုးမြေ ပိုင်ဆိုင်သည့် အိမ်ထောင်စု**(၃၀၁)** အိမ်ရှိပါသည်။ **တောင်သူကြီး** (၄၈)**ဦး ရှိပါသည်။ ကျေးရွာသည်မြစ်ချောင်းနှင့်နီးသည့်အတွက် ရေလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု များပြားပါသည်။**

**သဘွတ်ကျေးရွာ**တွင်အဓိကစိုက်ပျိုးသည့်သီးနှံမှာစပါးဖြစ်ပြီး ကွမ်းသီး၊ အုန်းသီးနှင့် ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးအတွက် မိုးရေနှင့် တွင်းရေ၊ မြစ်ချောင်းရေကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေပျမ်းမျှ **(၂၅)**တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် **ထွန်စက်(၅)လုံး၊ လက်တွန်းထွန်စက်**(၄)**လုံး၊** ရိတ်သိမ်းစက်**(၃)လုံးနှင့်** မြက်ရိတ်စက် **(၃၁)**လုံး ရှိပါသည်။ **လယ်ယာသုံးစက်ကိရိယာငှားရမ်းအသုံးပြုသည့် တောင်သူများရှိသည့်အတွက် အရစ်ကျစနစ်ဖြင့်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။**

လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့်အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာသုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့် သုံးစွဲမှုနှင့် ပတ်သက်၍ ပညာပေးသင်တန်းများကိုစိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး နည်းပညာများ လက်ခံကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများ တိုးတက်လာပေမည်။ မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက်နှုန်းနည်းပါးမှုများကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများ လိုအပ်နေပါသည်။ ထို့အပြင်မြေဆွေး၊ အော်ဂဲနစ်များထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍

သုံးစွဲနည်းများကိုမသိရှိသည့်အတွက် ကျေးရွာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲတစ်ရပ်ဖြစ်နေပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း

သဘွတ်ကျေးရွာတွင် ဝက်မွေးမြူထားသည့်အိမ်ထောင်စု (၁၀၃) အိမ်ရှိပြီး ဝက်ကောင်ရေ (၆၇၈)ကောင်၊ နွားမွေးမြူထားသည့်အိမ်ထောင်စု (၁၀) အိမ်ရှိပြီး နွားကောင်ရေ (၄၆)ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၂၁၇) အိမ်ရှိပြီး ကြက်ကောင်ရေ (၁၀၈၅၀)ကောင်၊ ဘဲမွေးမြူထားသည့်အိမ်ထောင်စု (၁၆) အိမ်ရှိပြီး ဘဲကောင်ရေ (၃၇)ကောင် ရှိပါသည်။

သဘွတ်ကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများမှာ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူရနိုင်ခြင်းနှင့် သွင်းအားစုများ ဝယ်ယူနိုင်ခြင်းများရှိပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အတွက် စီးပွားဖြစ်မွေးမြူရေးနှင့်သားငါးထုတ်လုပ်မည်ဆိုပါက အဆင်ပြေ သည့်ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင်နောက်ပိုင်းတွင် မွေးမြူနိုင်သည့် အိမ်ထောင်စု များလာနိုင်သည့်အတွက် ငါးမွေးမြူရေးနှင့်သက်ဆိုင်သော နည်းပညာပေး သင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်နေရာများ၊ မွေးမြူသည့်နည်းစနစ်များရရှိအောင် ဆောင်ရွက် ပေးရန်လိုအပ်လျက်ရှိပါသည်။

သဘွတ်ကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများမှာ မွေးမြူရေးနှင့်ပတ်သက်သည့်အတွေ့အကြုံ၊ နည်းပညာ မရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရန်အတွက် အဆက်အသွယ်မရှိခြင်း၊ သောက်သုံးရေ ရှားပါးခြင်းစသည်တို့ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာတွင် နည်းပညာပေး သင်တန်းနှင့် မျိုးကောင်းမျိုးသန့်ဝယ်ယူရန်ချိတ်ဆက်ပေးရန်လိုအပ်လျက်ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

**သဘွတ်ကျေးရွာ**တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ပါသည်။ လုပ်သားအင်အားရရှိနိုင်မှု

အသင့်အတင့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ကျေးရွာရှိ ရောင်းဝယ် ဖောက်ကားနေသူများတွင် ဈေးကွက်ဆိုင်ရာအသိအမြင် အသင့်အတင့်ရှိပြီး၊ ကုန်ကြမ်း ရရှိနိုင်မှုအခြေအနေအသင့်အတင့်နှင့် ကျေးရွာနှင့်မြိတ်သို့ လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

**သဘွတ်ကျေးရွာ**တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင်နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင် သည့်အတွက် လုပ်သားအင်အားအသင့်အတင့်သာရှိခြင်း၊ အခြားဒေသထွက်ကုန်များမှာ လည်းဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင် သွားလာရ အဆင်ပြေ သော်လည်း မိုးရာသီတွင်မြေသားလမ်းများဖြစ်သည့်အတွက်သွားလာရခက်ခဲခြင်းစသည်တို့ ဖြစ်ပါသည်။ ကျေးရွာတွင် **(၂၀%)** အတိုးနှုန်းကြီးမြင့်စွာဖြင့် မိသားစုစားဝတ်နေရေးအတွက် ချေးယူနေရသည့်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာမှ ကာလရှည်ချေးငွေများ ဆောင်ရွက် ပေးရန် လိုအပ်လျက်ရှိပါသည်။ အဆင်ပြေသည့်အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ကြပြီး ငွေကြေးမပြေလည်မှုကြောင့် ဆင်းရဲသည့် မိသားစုများအတွက် ပညာသင်ယူနိုင်သည့်အခွင့်အလမ်းနည်းပါးလှပါသည်။ ထို့ကြောင့် ကျေးရွာတွင်ရှိသော အမျိုးသမီး/အမျိုးသားငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများဖွင့်လှစ်ပို့ချပေးရန်လိုအပ်နေပါသည်။

**(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ကွမ်းသီး၊ ငါး၊ ပုစွန်၊ ငပိ၊ ငါးခြောက်နှင့်ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်သွားလာရ မဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

**သဘွတ်ကျေးရွာ**တွင် ပြင်ပမှ ချေးငွေကုမ္ပဏီများမှ အတိုးနှုန်းသက်သာသည့် နှုန်းထားဖြင့် ချေးငွေထုတ်ချေးပေးလျက်ရှိပါသည်။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည် ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများတွင်ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ပါသည်။

## ၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သဘွတ်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ် (၃၅၉) စီး၊ သုံးဘီးဆိုင်ကယ် (၂၀) စီး၊ ကား(၂၄)စီးနှင့် စက်ဘီး(၄၉)စီးကို အဓိကထား အသုံးပြုကြပါသည်။

**သဘွတ်ကျေးရွာ**တွင် ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရ ခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်ပေါ်နေပါသည်။ **ကျေးရွာပတ်လမ်းများလည်း** ပျက်စီး နေပါသည်။ထို့ကြောင့်ကျေးရွာရှိလမ်းများကောင်းမွန်စေရန်အတွက်ပြုပြင်ဆောင်ရွက်လိုကြ ပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

**သဘွတ်ကျေးရွာ**တွင် အိမ်ထောင်စုအားလုံးသည် ဒီဇယ်အင်ဂျင်ဖြင့် **(၂၄)နာရီ မီးလင်းမှုရရှိပါသည်။** ကျေးရွာ**တစ်ရွာလုံးကျွတ်** လျှပ်စစ်မီးရရှိလျက်ရှိသည့်အတွက် ကျေးရွာအတွင်းကျောင်းသားများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှု ပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့်အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ ပေးနိုင်ပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

**သဘွတ်ကျေးရွာ**တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း **(၉၈၇)** လုံး၊ ရေဒီယို**(၁၅)**လုံး၊ တီဗွီ **(၃၂၇)**လုံး၊ ဂြိုလ်တုစလောင်း **(၃၂၇)** လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည်ဖုန်းကိုစနစ်တကျသုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် (၂၄)နာရီမီးလင်းမှုရရှိနေပြီး ဖုန်းလိုင်းသည် တစ်ရွာလုံးလိုင်းမိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးကို အချိန်မီ ရရှိပါသည်။

## ၆။ပညာရေး

**သဘွတ်ကျေးရွာတွင် စာမတတ်သူ**(၀.၆%)**ရှိပါသည်။ စာမတတ်သူများမှာ အသက်(၆၀) ကျော် အရွယ်များဖြစ်ကြပါသည်။ မူလတန်းအဆင့်စာတတ်မြောက်မှုသည်**

**စုစုပေါင်းလူဦးရေ၏(၄၁)ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်စာတတ်မြောက်မှုသည်** (၃၆) **ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်မှုသည်** (၁၉) **ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုသည်** (၄)**ရာခိုင်နှုန်းရှိပါသည်။ သဘွတ်ကျေးရွာ**တွင် တွင်ယခုလက်ရှိပညာသင်ကြားနေသောလူဦးရေမှာ မူလတန်းအဆင့် တွင် **(၃၁၈)**ဦး၊ အလယ်တန်းအဆင့်တွင် **(၂၅၅)**ဦး၊ အထက်တန်းအဆင့်တွင် **(၁၂၀)**ဦး၊ တက္ကသိုလ်အဆင့်တွင် **(၉၀)**ဦးဖြင့် **ပ**ညာသင်ယူနေကြပါသည်။ တက္ကသိုလ်အဆင့်ရှိသည့် ကျောင်းသား/သူများသည် မြိတ်မြို့တွင်ရှိသည့် မြိတ်တက္ကသိုလ် နှင့်အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် တက်ရောက်ကြပါသည်။

အထက်တန်းစာသင်ကျောင်းဖြစ်ပြီး ကျောင်းအုပ်ဆရာမကြီး အပါ အဝင်ဆရာမ (၅၉)ဦးရှိပါသည်။ ကျောင်းသားဦးရေ (၃၀၀) ကျော်ရှိပြီးစာသင်ကျောင်းဧရိယာသည်၄၃၅၆၀ စပေရှိပါသည်။ စာသင်ကျောင်းတွင်ခြံစည်းရိုး၊ စက်ရေတွင်း၊ အားကစားကွင်းလည်းရှိ၍ အာဟာရတိုက်ကျွေးခြင်း (၁လ၂ကြိမ်)ရှိ ပါသည်။

မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းထားခြင်းရှိပြီး ကျောင်းမတက်နိုင်သူများကို ကျေးရွာမှကျောင်းထားပေးသည့် အစီအစဉ်လည်းရှိပါသည်။ ထို့အပြင်ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်းလိုအပ်နေပါသည်။ ကျောင်းသား၊ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်းဆောင်ရွက်ရန်မှာအရေးပါလှပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

သဘွတ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိိပါသည်။ ကျေးရွာသူ/သားများအတွက် ကျန်းမာရေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်လျှင် အဆင်ပြေလှပါသည်။ ရောဂါပြင်းထန်မှသာ မြိတ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသကြပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်ပေး လျက်ရှိပါသည်။ ကျန်းမာရေး ဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

**သဘွတ်ကျေးရွာတွင်ရေတွင်း**(၂၀၀)**တွင်းရှိပြီး၊ အဝိစိတွင်း**(၂၀)**တွင်းရှိပါသည်။**

**ကျေးရွာပိုင် အဝိစိတွင်းများမှ ရေမီတာစနစ်ဖြင့် (၁)ယူနစ်လျှင်(၃၂၀၀)နှုန်းဖြင့် ရေပေးဝေလျက်ရှိပြီး နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သောက်သုံးရေဖူလုံပါသည်။**

**သဘွတ်ကျေးရွာတွင် အိမ်ထောင်စု အားလုံးသည် သန့်ရှင်းသော အိမ်သာ သုံးစွဲမှုများ ဖြစ်ပါသည်။**

**၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**သဘွတ်ကျေးရွာ**တွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ ပင်လယ်နှင့်နီးသည့်အတွက် ဒီရေတက်ချိန်တွင်ကျေးရွာတွင်းသို့ ဆားငန်ရေ ဝင်ရောက်မှုရှိပါသည်။ အကယ်၍ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရ မည့် နည်းလမ်းများလည်းထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက် စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိသဖြင့် ပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်း များကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

**၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

သဘွတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေ ထက်နည်းပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့်လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ သည် အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန် တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင်အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၇၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၁၀၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသောလုပ်အားခများက အမျိုးသမီး များ၏စိတ်ဓာတ်အရည်အသွေးကိုလျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင် မရှိသဖြင့်ပညာပေးသင်တန်းများ၊ဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သဘွတ် | | | ကျေးရွာအမည် - သဘွတ် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၄၂၀'-၉'-၆") | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | သဘွတ်-ဝန်မယ်ကျေးရွာချင်းဆက်လမ်း(၁မိုင်) | |
| ၃ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေပိုက်သွယ်တန်းခြင်း(၅၀၀၀ပေ) | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(တားချယ်လမ်း)၄၀၀' | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | စာသင်ကျောင်းလမ်းကွန်ကရစ်ခင်းခြင်း ၄၅၀' | |

နောက်ဆက်တွဲ (၁)

## သဘွတ်ကျေးရွာ၊ သဘွတ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးတင်ထွန်းဦး | ဦးသန်းဝင်း | ၆/မမန(နိုင်)၁၈၉၃၈၂ | ၃၂ | ဥက္ကဌ | ၀၉၂၅၃၃၀၆၂၀၃ |
| ၂ | ဦးစိုးဟန် | ဦးသန်းဖေ | ၆/မအရ(နိုင်)၀၆၆၅၁၇ | ၅၇ | အတွင်းရေးမှူး | ၀၉၄၂၁၆၃၅၂၂၇ |
| ၃ | ဒေါ်ဥမ္မာချို | ဦးမောင်ကြည် | ၆/မမန(နိုင်)၁၄၉၄၅၇ | ၄၃ | ဘဏ္ဍာရေးမှူး | ၀၉၂၆၅၁၅၀၉၄၁ |
| ၄ | ဒေါ်ဖြူဖြူအေး | ဦးအိုဂန်း | ၆/မမန(နိုင်)၂၂၅၃၆၂ | ၂၃ | စာရင်းကိုင် | ၀၉၈၈၇၉၂၉၁၃၉ |
| ၅ | ဦးချစ်ရဲထွေး | ဦးချစ်မောင် | ၆/မမန(နိုင်)၁၆၆၈၃၆ | ၃၃ | အဖွဲ့ဝင် | ၀၉၂၅၄၀၃၃၉၄၄ |
| ၆ | ဦးတင်နိုင် | ဦးလှဟို | ၆/မအရ(နိုင်)၁၀၆၉၃၇ | ၄၇ | အဖွဲ့ဝင် | ၀၉၄၀၂၉၅၀၄၁၅ |
| ၇ | ဒေါ်မာမာဝေ | ဦးကျော်ဝင်း | ၆/မအရ(နိုင်)၁၀၇၂၄၇ | ၄၃ | အဖွဲ့ဝင် | ၀၉၆၆၄၉၃၁၃၆၆ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၀ | ၁၇ | ၃၇ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅၂ | ၆၈ | ၁၂၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၅၈ | ၁၅၉ | ၃၁၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၇၃ | ၁၆၉ | ၃၄၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၅၇ | ၈၄၅ | ၁၇၀၂ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၃၄ | ၆၁ | ၃ | ၄ |
| **စုစုပေါင်း** | | **၁၂၈၇** | **၁၂၉၂** | **၂၅၇၉** | **၃** | **၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၇၆** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။သဘွတ်ကျေးရွာတွင်အိမ်ထောင်စုပေါင်း **(၄၇၆)** အိမ်ရှိပြီးလူဦးရေပေါင်း **(၂၅၇၉)**ဦး ရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၁%)၊ ၅နှစ်အောက်ကလေးအရွယ်(၅%) **၊ မူလတန်းကျောင်းသားအရွယ်(**၁၂%**)၊ အလယ်တန်းကျောင်းသားအရွယ်(**၁၃%**)၊** ၊ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေ သည် တစ်ရွာလုံးရှိလူဦးရေ၏(၃၄%)နှင့် အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၈၅၇)ဦး၊မ(၈၄၅)ဦး စုစုပေါင်း(၁၇၀၂)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၆%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၄)ဦးနှုန်းရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်း**ထက်များပါသည်။** သို့ရာတွင် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသား အရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင်အိမ်ထောင်စုစာရင်းမရရှိသေးသည့်

အိမ်ထောင်စုများ လည်းရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(**၈၈**)စုရှိပြီး မသန်စွမ်းသူများ အနေဖြင့် အသက်(၆၀)ကျော် အမျိုးသမီး(**၄**)ဦးနှင့် အမျိုးသား(**၃**)ဦးရှိပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေးချဲ့စွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၉ | ၇၅ | | ၅၅ | ၂၀ | ၁၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၄၅ | | ၄၀ | ၅ | ၃၆ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၀ | ၉၈ | | ၁၅ | ၈၃ | ၃၈ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၁၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၇ | ၂၄ | | ၂၄ | | ၅ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | ၂ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉ | ၉ | | | ၉ | ၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၇ | ၉၅ | | ၂၅ | ၇၀ | ၂၆ | မြင့် ☐ လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၁၅ | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅ | ၁၅ | | ၁၅ | | ၆ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အိမ်မိက အလုပ်အကိုင်<br>အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ<br>ကျား | မ | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြထားသည့်အတိုင်း မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၇ | ၁၇ | | | ၁၇ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၂၁၀ | ၂၈၃ | | ၁၉၅ | ၈၈ | ၇၆ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | ၁ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"**

**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည် ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။သဘွတ်ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းများအားအဓိကထားလုပ်ကိုင်သောအိမ်ထောင်စု (၅၉)စု၊ လုပ်သားအဖြစ်လုပ်ကိုင်သောအိမ်ထောင်စု(၃၀)စု၊ မွေးမြူရေးကို အဓိကထားလုပ်ကိုင်သော အိမ်ထောင်စု(၆၀)စု၊ လုပ်သားအဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စု (၅)စု၊ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု (၁၇)စု၊ စက်ချုပ်သည့် အိမ်ထောင်စု(၉)စု၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၅၇)စု၊ ကားမောင်းသည့်အိမ်ထောင်စု(၁၅)စုရှိပါသည်။ ထို့ကြောင့် ကျေးရွာသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို အဓိကဝင်ငွေရ အလုပ်အကိုင်အဖြစ် အားထားလုပ်ကိုင်ကြသည်ဟုဆိုရမည်ဖြစ်ပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ အပ်ချုပ်ဆိုင်၊ ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ ပညာရေးဝန်ထမ်းအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စု(၁၇)စု၊ ကျန်းမာရေးဝန်ထမ်းလုပ်ငန်းလုပ်ကိုင်သည့် မိသားစု(၁)စုရှိပါသည်။ အခြားကုမ္ပဏီများတွင်လုပ်ကိုင်သည့် ဝန်ထမ်းများလည်းရှိပါသည်။ အခြားရွာများနည်းတူ ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသည့်အိမ်ထောင်စု (၂၁၀)စုရှိပါသည်။ ကျေးရွာသည် ဝင်ငွေရလုပ်ငန်းအမျိုးအစားများ သည့်အတွက်စီးပွားရေးအရအဆင်ပြေသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။** ။သဘွတ်ကျေးရွာတွင်အများဆုံးလုပ်ငန်းအဖြစ် **စိုက်ပျိုးရေးလုပ်ကိုင်သူ အမျိုးသား** (**၁၅၀၀၀မှ၁၂၀၀၀**)၊ **အမျိုးသမီး**(၁၂၀၀၀,၁၀၀၀၀)**ကျပ်ရရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသား (၁၅၀၀၀,၁၂၀၀၀)ကျပ်နှင့် အမျိုးသမီး(၁၂၀၀၀,၁၀၀၀၀)ကျပ်နှင့်** ဆောက်လုပ်ရေးလုပ်ငန်း တစ်နေ့တွင် အမျိုးသား(၁၅,၀၀၀မှ**၁၂**၀၀၀) ကျပ်ရရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | **မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၀၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၃၅၇ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၄၆၁** | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ သဘွတ်ကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာဆန်စပါးဖြစ်ပြီး ကွမ်းသီးနှင့်ရာဘာကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးသည်အသင့်တင့်သောအခြေအနေတွင်ရှိပါသည်။ ကွမ်းသီးနှင့်ရာသီစာသီးနှံ (ဆောင်းသီးနှံ)များကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ရာသီအလိုက် ပိုးမွှားရောဂါ ကျရောက်ခြင်းများရှိသည့်အတွက် နည်းပညာပေးသင်တန်းများ ပို့ချပေးခြင်းစသည်တို့ ပြုလုပ်ရန် လိုအပ်နေပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☑အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ - | များ ☑ သင့်☐ နည်း | လွယ် ☑ | လျော့ ☐ တိုး |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | ☐မရှိ ☐ | ခက်☐အသုံးမပြုနိုင်ပါ ☐ | ☑အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – အပူပိုင်းသစ်တော** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။** သဘွတ်ကျေးရွာတွင် ကျောက်၊သဲ၊ကျောက်စရစ်ထွက်ရှိမှု၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ထွက်ရှိမှု၊ သဘာဝအပင်မျိုးစိတ်များ၊ ကျေးရွာတွင် အသင့်တင့်ထွက်ရှိပြီး မလုံလောက်သည့်အချိန်တွင် အခြားကျေးရွာများမှဝယ်ယူအသုံးပြုကြပါသည်။မြေအောက်ရေနှင့်မြေအောက်ရေထွက်ရှိမှုသည် ကျေးရွာတွင် များပြားပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်** | **ညံ့** | **အလွန်ညံ့** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| | | ကောင်း | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇၈ | ၁၄၉ | ၁၈၇ | ၆၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။သဘွတ်ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ပြေလည်သောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ ကျေးရွာသူ/သားအများစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်ဆန်စပါးနှင့် ရာဘာကို အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာသူ/သားများအနေဖြင့် လုပ်အားအလှူဖြင့်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = ____၃၁ ______<br>လုပ်အားခကြိုယူ = __________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစားပြောင်းလဲစား = __________<br>အစားလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၇၅ | ၃၂ | အခြားအစားပြောင်းလဲစား = __________<br>အစားလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = ___ _၇၅______<br>လုပ်အားခကြိုယူ = __________ |

**ရင်းမြစ်..ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။သဘွတ်ကျေးရွာ**တွင် ဝမ်းစာဖူလုံမှုအနေဖြင့် အိမ်ထောင်စု**(၃၁)**စုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရချေးငွေ**ယူသည့် အိမ်ထောင်စု**(၃၁)**စုရှိပါသည်။ ထိုအိမ်ထောင်စု**(၃၁)**စုထဲတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု**(၁၅)**စုပါဝင်ပါသည်။**

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
| --- | --- | --- | --- |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဘွတ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို မရှိပါ။ မသန်စွမ်းသည့် (၆၅)နှစ်အထက် အသက်ကြီးသည့်ကျား(၃)ဦးနှင့် မ(၄)ဦးရှိပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
| --- | --- | --- | --- | --- | --- | --- | --- |
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | ✓ |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | ငလျင် | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | ✓ | | ✓ | | |
| ၁၀ | အအေးလှိုင်း | | ✓ | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✓ | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✓ | | | | |
| ၁၆ | မြေပြိုခြင်း | | ✓ | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | ✓ | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | ✓ | | | | | ✓ |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။သဘွတ်ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရစိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှုနှင့် အအေးလွန်ကဲခြင်းများရံဖန်ရံခါဖြစ်ပေါ်လျက်ရှိပါသည်။ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များအနေဖြင့်သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ)၊ မြေဆီလွှာပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများဖြစ်ပေါ်လျက်ရှိသည့်နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချရန်လိုအပ်လျက်ရှိပါသည်။ မြစ်ချောင်းနှင့်နီးသည့်အတွက် မြစ်ကမ်းပါးပြိုကျခြင်းနှင့် ကမ်းရိုးတန်းတိုက်စားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) |
|---|---|---|---|

| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
|---|---|---|---|---|---|---|---|
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | ✓ | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | ✓ | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာ၀ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | ✓ | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။သဘွတ်ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊ ဆင်းရဲသားတောင်သူအများအပြားနှင့် လက်လုပ်လက်စား ကျပန်းလုပ်သားများဖြစ်ပါသည်။ ထိုအိမ်ထောင်စုများအတွက်ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က–၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

